မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

e-NEWSLETTER

VOL.5, N0.10
October 2026

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်သည့် ၁၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်း





စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်စတင်တည်ထောင်ခြင်း ၁၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၊ ကော်မရှင်ရုံး Conference Room တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၅-၉-၂၀၁၁ ရက်စွဲပါရုံးအမိန့်အမှတ် ၃၄/၂၀၁၁ ဖြင့် စတင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ ၅-၉-၂၀၂၆ ရက်နေ့တွင် ၁၅ နှစ်မြောက် သလင်းရတုသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကော်မရှင်၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် လူ့အခွင့်အရေးကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့ပါကြောင်း၊ ကော်မရှင်ဖွဲ့စည်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်

စာ ၄



၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၆) ကျင်းပခြင်း

စာ ၆



မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေ (၂၀၁၅ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် Audio Book မိတ်ဆက် တင်ပြခြင်း

စာ ၈



နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက် ပို့ချ

စာ ၁၀



မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ နိုင်နှင်းဝေရင်သွေးလေးများ ဂေဟာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၁



ကော် မ ရှ င် ရုံး ညွှ နှ် ကြား ရေး မှူး ချု ပ် နှ င့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးထိုထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

ရေးအပါအဝင် ကော်မရှင်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ပါကြောင်း၊ ကော်မရှင်သက်တမ်း ၁၅ နှစ်တာကာလအတွင်း အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသူ အားလုံးကို မှတ်တမ်းတင် ဂုဏ်ယူပါကြောင်း၊ ကော်မရှင်၏ ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးဖြစ်ရာ တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းဖြင့် စုပေါင်း လုပ်ကိုင်မှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်သည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်မူဘောင်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက်တို့ဖြင့် လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာ-တရုတ် ပူးတွဲကြေညာချက် တစ်ရပ်ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီး အဆိုပါပူးတွဲကြေညာချက်မှာ “နှစ်ဖက်လုံးသည် တန်းတူညီမျှမှုနှင့် အပြန်အလှန် လေးစားမှုတို့အပေါ် အခြေခံ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် လိုလားကြပြီး လူ့အခွင့်အရေးကိစ္စရပ်များကို နိုင်ငံရေး အမြတ်ထုတ်ခြင်း၊ လက်နက်သဖွယ် အသုံးချခြင်းနှင့် စံနှုန်းနှစ်မျိုးကျင့်သုံးခြင်းတို့ကို ပြတ်သားစွာ ဆန့်ကျင်ကြမည့်အပြင် လူ့အခွင့်အရေးကို အကြောင်းပြု၍ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအား ပြတ်သားစွာဆန့်ကျင်ကြရန်” ဟု ပါရှိခဲ့ရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေနဲ့လည်း ပကတိအခြေအနေအပေါ် ထင်ဟပ်လျက် ဥပဒေနဲ့အညီ သတိပြုလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပါသည်။

အခမ်းအနားအစီအစဉ်အရ ၁၅ နှစ်တာကာလအတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများကို Video Clip ဖြင့် ပြသပါသည်။ ထို့နောက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD)နှင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် Audio Book မိတ်ဆက်ခြင်း ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း)၊ ကော်မရှင်အဖွဲ့ဝင် (ငြိမ်း) များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း/အမှုထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ၊ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

AIA Myanmar Co.,Ltd မှ “AIA Myanmar မှ ရရှိနိုင်သော ခံစားခွင့် ဝန်ဆောင်မှုများ” အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း



စက်တင်ဘာလ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် AIA Myanmar Co.,Ltd တို့ ပူးပေါင်း ကျင်းပသည့် “AIA Myanmar မှ ရရှိနိုင်သော ခံစားခွင့် ဝန်ဆောင်မှုများ” အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ၈-၉-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာ စကားပြောကြားရာတွင် အာမခံလုပ်ငန်းနှင့် လူ့အခွင့်အရေး တို့သည် အပြန်အလှန် ဆက်နွယ်မှုရှိသော ကဏ္ဍများဖြစ်ပြီး အသက်ရှင်သန်ခွင့်၊ ကျန်းမာရေး ရပိုင်ခွင့်၊ လူမှုဖူလုံရေးနှင့် သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်း ရရှိပိုင်ခွင့်တို့ကို အထောက်အကူပြုနိုင်သော စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ လူတစ်ဦး၏ ဘဝအတွက် အရေးကြီးဆုံးအရာများထဲမှာမှ ကျန်းမာရေး၊ မိသားစုနဲ့ အနာဂတ်လုံခြုံမှုတို့ပါဝင်ပြီး ယနေ့ကတည်းက ကြိုတင်စဉ်းစား၍ စနစ်တကျစီမံပြီး အာမခံထားရှိ နိုင်ရေးဆောင်ရွက်ကြရန် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့နောက် AIA Myanmar မှ Financial Services Associate Director ဒေါက်တာရင်ရင်အေးက AIA Myanmar ၏ အသက်အာမခံ အမျိုးအစားများနှင့် ဝန်ဆောင်မှုများ မိတ်ဆက်ခြင်း၊ အသက်အာမခံ ခံစားခွင့်နှင့် ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း၊ Financial Services Manager ဒေါ်ခင်ခိုင်ခိုင်နွယ်က ကျန်းမာရေးအာမခံခံစားခွင့်ဝန်ဆောင်မှုများ၊ ကျန်းမာရေးအလုံးစုံအာမခံအကြောင်း၊ စောင့်ဆိုင်းကာလသတ်မှတ်ချက်များနှင့် အကြုံးမဝင်သော ကိစ္စရပ်များအကြောင်းကို လည်းကောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ Financial Services Associate Director ဒေါက်တာရင်ရင်အေးက ပြန်လည် ဖြေကြားခဲ့ပြီး ဟောပြောဆွေးနွေးပွဲကို ၁၁:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်း (၈၄) ဦးနှင့် AIA Myanmar မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ကျင်းပခြင်း



စက်တင်ဘာလ ၁၀ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၉/၂၀၂၆)ကို ၁၀-၉-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီဝင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဥမ္မာကျော်၊ ဒေါက်တာ တင်ဌေးအိနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

ကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများ၏ ပြည်တွင်းသင်တန်းတက်ရောက်ခဲ့သူများမှ သင်တန်းအတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်း



စက်တင်ဘာလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများ၏ ပြည်တွင်း သင်တန်း တက်ရောက်ခဲ့သူများမှ သင်တန်း အတွေ့အကြုံများ ရှင်းလင်းခြင်း အခမ်းအနားကို ၁၁-၉-၂၀၂၆ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီ အချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ရုံး ဝန်ထမ်းများ အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ကော်မရှင်ရုံးတွင်း သင်တန်းများနှင့် အခြားဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပို့ချသည့် သင်တန်းများအား စေလွှတ် တက်ရောက်စေခဲ့ကြောင်း၊ ကော်မရှင် လုပ်ငန်းစီမံချက် (၂၀၂၆ ခုနှစ်) ပါ မဟာဗျူဟာအစီအစဉ်များတွင်လည်း “ထိရောက်သော လူ့စွမ်းအားအရင်းအမြစ်စွမ်းရည်မြင့်မားရေးအစီအစဉ်ရေးဆွဲဆောင်ရွက်ရန်”ဟူ၍

ပါရှိပါကြောင်း၊ ယခုပြုလုပ်သည့် အခမ်းအနား၏ ရည်ရွယ်ချက်မှာ မိမိတို့ဆည်းပူးခဲ့သော ပညာရပ်များကို တတ်စွမ်းသမျှစိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့သော ကော်မရှင်ရုံး အရာထမ်း / အမှုထမ်းများ၏ အသိပညာများကို တစ်ဦးတစ်ယောက်တည်း သိရှိတတ်ကျွမ်းစေရုံ သာမက ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ အားလုံးသိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

အခမ်းအနားအစီအစဉ်အရ သင်တန်းတက်ရောက်ခဲ့သည့် ဦးစီးအရာရှိ ဒေါ်မြဖူးငုံက “Advanced Networking” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဦးကြည်စိုးနှင့် ဒုတိယလူအခွင့်အရေးဦးစီးမှူး ဦးခေါ်အောင်တို့က “ပိုမိုကောင်းမွန်သော သတင်းရေးသားနည်း” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယလူအခွင့်အရေးဦးစီးမှူး ဦးသန့်နေဆုက “Data Analysis and Visualization with python” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းခဲ့ကြပြီး အခမ်းအနားကို ၁၁:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အရာထမ်း/အမှုထမ်း (၈၁)ဦး တက်ရောက်ခဲ့ကြပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Myanmar Korean Hope Concert 2026 အခမ်းအနားသို့တက်ရောက်ခြင်း

စက်တင်ဘာလ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးတို့သည် မြန်မာနိုင်ငံ ကိုရီးယားအသင်း ဖိတ်ကြားချက်အရ ၁၂-၉-၂၀၂၆ ရက်နေ့၊ ၁၇:၀၀ နာရီအချိန်၊ ရန်ကုန်မြို့၊ အင်းလျားလိပ်ဟိုတယ်၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သည့် Myanmar Korean Hope Concert 2026 အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီအစည်းအဝေး(၂/၂၀၂၆)ကျင်းပခြင်း



စက်တင်ဘာလ ၁၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ ၁၅-၉-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်တွင် (၇၈)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကို ကျင်းပခဲ့ရာ လူ့အခွင့်အရေးနေ့ကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌဖြစ်သော ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားပြီး ၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုတင်ပြဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးချက်များအပေါ် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့

အခွင့်အရေးနေ့ကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

၂၀၂၇ လုပ်ငန်းစီမံချက် (Operational Plan) ပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



စက်တင်ဘာလ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ၂၀၂၇ လုပ်ငန်းစီမံချက် (Operational Plan) ရေးသားပြုစုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ ဆွေဆွေအောင်နှင့် ဒေါက်တာ ဥမ္မာကျော်ညွှန့်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ ဒုတိယညွှန့်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပြီး ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဝိုင်းဝန်းအကဲဖြတ် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၁:၄၅ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ်၊ ပထမအကြိမ် ရုံးတွင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပခြင်း





စက်တင်ဘာလ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ၂၀၂၆ ခုနှစ်၊ ပထမအကြိမ် ရုံးတွင်း အရာထမ်း/ အမှုထမ်းများ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့၊ ၁၀:၀၀ နာရီအချိန် Conference room တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက စစ်တုရင်အဖွင့်ရွှေ့ကွက်ကို စတင်ရွှေ့ ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲကိုကျင်းပခဲ့ပါသည်။

ထို့နောက် ၁၆:၀၀ နာရီအချိန် စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသည့် ဦးနိုင်သိန်းစိန်အား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဥမ္မာကျော်မှ လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဦးရဲနောင်လွင်အား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် ကလည်းကောင်း၊ ပထမဆုရရှိသည့် ဦးကြည်စိုးအား ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြပြီး အခမ်းအနားကို ၁၇:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးအရာထမ်း/အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။

ကော်မရှင်ပုံမှန်အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၆) အစည်းအဝေးကျင်းပခြင်း



စက်တင်ဘာလ ၂၉ ရက်


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ကို ၂၉ -၉- ၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

“ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအကောင်အထည်ဖော်မှု ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာနှင့် ပတ်သက်၍ UNCRC သို့ သွားရောက်ဖြေဆိုနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် Progress Report ရေးသားပြုစုရေးအဖွဲ့ဝင်များဖြင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေး” သို့ တက်ရောက်ခြင်း

စက်တင်ဘာလ ၄ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၄-၉-၂၀၂၆ ရက်နေ့တွင် နေပြည်တော်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် “ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ်နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာနှင့် ပတ်သက်၍ UNCRC သို့ သွားရောက်ဖြေဆိုနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် Progress Report ရေးသားပြုစုရေးအဖွဲ့ဝင်များဖြင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေး” သို့ ဥပဒေရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေ (၂၀၁၅ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် Audio Book မိတ်ဆက်တင်ပြခြင်း



စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အမြင်အာရုံ မသန်စွမ်းသူများ အပါအဝင် မသန်စွမ်းသူများနှင့် အများပြည်သူများအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို အလွယ်တကူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေ (၂၀၁၅ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့်

Audio Book ပြုလုပ်နိုင်ရေး လုပ်ငန်းစဉ်အား ရက် ၁၀၀ စီမံချက်အတွင်း လုပ်ငန်းလျာထားချက် တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် CRPD ပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများအခွင့်အရေး ဥပဒေ (၂၀၁၅ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် Audio Book အား ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တည်ထောင်ခြင်း ၁၅ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားဌာန မိတ်ဆက်တင်ပြခဲ့ပါသည်။



သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ



စက်တင်ဘာလ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်း ညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် ဖွင့်လှစ်သည့် "သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်းအမှတ်စဉ် (၂၀)" သို့ ၈-၉-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်သူများသည် ဘိုးဘွားများ၏ ကျန်းမာရေးသာမက ၎င်းတို့၏ လူသားဂုဏ်သိက္ခာကိုပါ စောင့်ရှောက်သူများဖြစ်ကြောင်း သိရှိနားလည်စေရန်ရည်ရွယ်၍ လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေး အကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၅ ဦး၊ သင်တန်းသူ ၁၈ ဦး၊ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ)၌ သင်ခန်းစာ သွားရောက်ပို့ချ

စက်တင်ဘာလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ပါပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်သည် သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် အများပြည်သူအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် စုံစမ်းရေးမှူးလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်

(၁၀) သို့ ၉-၉-၂၀၂၆ ရက်နေ့တွင် ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၉ ဦး စုစုပေါင်း သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





စက်တင်ဘာလ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ တစ်စိတ် တစ်ဒေသအဖြစ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာနုနုရီ၊ ဒေါက်တာတင်ဌေးအိတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၈) သို့ ၁၆-၉-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများကို ပို့ချခဲ့ကြပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိက လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများအား ပို့ချခဲ့ကြပါသည်။ သင်တန်းတွင် သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၅ ဦး၊ စုစုပေါင်း သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၇-၉-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း ဦးဆောင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရ

မည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနိုင်မှု အခြေအနေ၊ ကိုယ်လက်လှုပ်ရှား အားကစား ပြုလုပ်နိုင်မှု အခြေအနေ၊ စာပေဖတ်ရှုခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရရှိမှု အခြေအနေ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေအနေများ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု ရှိ မရှိ အခြေအနေများစသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပြီး သီးခြားတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား (၃) ဦးကိုလည်း လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး အကျဉ်းသားများလေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



စက်တင်ဘာလ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၂၂ အရ ကော်မရှင်သည် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း တက်ကြွစွာ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း(မန္တလေး) တွင် ဖွင့်လှစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၇) သို့ ၁၇-၉-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေး အသိပညာပေးဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



စက်တင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်သည် သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ

မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ) တွင် ဖွင့်လှစ်သည့် ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၃) သို့ ၂၃-၉-၂၀၂၆ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းစသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသူ စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသူအရာရှိများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ခိုင်နှင့်ဝေရင်သွေးလေးများဂေဟာအား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအုန်းခိုင်နှင့် ဒေါ်စန္ဒာတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၅-၉-၂၀၂၆ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ခိုင်နှင့်ဝေရင်သွေးလေး များဂေဟာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ခိုင်နှင့်ဝေရင်သွေးလေးများဂေဟာအား ကြည့်ရှုစစ်ဆေးစဉ် ဂေဟာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ ပုံမှန်ကျန်းမာရေး စစ်ဆေးပေးမှုနှင့် လိုအပ်သည့်ကာကွယ်ဆေးများကို ထိုးနှံပေးမှု အခြေအနေ၊ ကျောင်းပညာရေး ဆောင်ရွက်ပေးမှုအခြေအနေ၊ ကလေးသူငယ် တစ်ဦးချင်းအလိုက် ကိုယ်ရေးရာဇဝင် မှတ်တမ်းထား ရှိမှုအခြေအနေ၊ မွေးစာရင်းရရှိရေးဆောင်ရွက်ပေးမှု၊ ကလေးငယ်များ၏ တစ်နေ့တာလိုအပ်ချက် ဖြစ်သည့် လုံလောက်သော အစားအစာကျွေးမွေးမှုနှင့် ဖြည့်စွက်အာဟာရကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိမှုအခြေအနေများ၊ လုံလောက်သော အိပ်စက်အနားယူမှုနှင့် ကိုယ်လက်လှုပ်ရှားအားကစား ဆော့ကစားခွင့်ရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေ၊ ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြုစုပျိုးထောင်ပေးမှု အခြေအနေ၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်စသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်မှ ဂေဟာတာဝန်ရှိသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများတွေ့ဆုံဆွေးနွေးထုတ်ပွဲအမှတ်စဉ် (၉/၂၀၂၆) အခမ်းအနားကို ၂၅-၉-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၈၁) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ



စက်တင်ဘာလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်လာစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည်ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ(အင်းစိန်)တွင် ဖွင့်လှစ်သည့် စုံထောက်အရာရှိသင်တန်း အမှတ်စဉ် (၂၀၀) သို့ ၂၈-၉-၂၀၂၆ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီထိ လူ့အခွင့်အရေး အသိပညာပေး ဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၈၃ ဦး၊ သင်တန်းသူ ၃၇ ဦး စုစုပေါင်း သင်တန်းသား ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း



စက်တင်ဘာလ ၂၉ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၉-၉-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ်ပေါ်ဆန်း (၆၃) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၃၄၂၀၀၀/- ကျပ်နှုန်း ၊ ဧည့်မထ (၄၆) အိတ် (၅) ပြည်

ဝင်တစ်အိတ်လျှင် ၁၆၂၀၀/- ကျပ်နှုန်းဖြင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေ ရောင်းချပေးခဲ့ပါသည်။


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနလ်ာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



စက်တင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ရွတ်ဆိုခြင်းကို အပတ်စဉ် တနလ်ာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် “ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်နေ့” အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ကာတွန်း



အမည်	-	ဦးကောင်းပြည့်သော်
ကလောင်အမည်	-	အိုလံပစ်
ရာထူး	-	အငယ်တန်းစာရေး
ဌာန	-	လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၆)

စက်တင်ဘာလ ၂၁ ရက်

ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် အရေးပါသော အခြေခံအချက်ဖြစ်ပါသည်။ နိုင်ငံများအကြား ငြိမ်းချမ်းရေးကို မြှင့်တင်ရန်နှင့် လူသားများအနေဖြင့် ငြိမ်းချမ်းရေး၏တန်ဖိုးကို သတိပြုမိစေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ပါသည်။

